# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

August 29, 2024 — Volume 81, Number 21


၂၉.၈.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၂၈.၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၁၃.၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၇၀.၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၃၀.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၅.၅၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၀၃၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၇.၃၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၈၅.၇၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၁.၇၉၂ ကျပ် |


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm


## မော်လမြိုင်ကျွန်းမြို့နယ်တွင် ရှမ်းပြည်နယ်မှ ဝင်ရောက်လာသည့် ငရုတ်ပွသီးများ အရောင်းအဝယ်ကောင်းမွန်နေ



ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်တွင် ရှမ်းပြည်နယ်မှ ဝင်ရောက်လာသည့် ငရုတ်ပွသီးများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ယုဝေကပြောသည်။ ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်သို့ ရှမ်းပြည်နယ်ဘက်က ဝင်ရောက်လာသည့် ငရုတ်ပွသီးများ ဩဂုတ်လဒုတိယပတ်မှ ဩဂုတ်လ ၂၈ ရက်နေ့ထိ အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ ငရုတ်ပွသီးများ တစ်ရက်လျှင်ပိဿာချိန် ၂၀၀ ကျော်ထိ အရောင်းအဝယ်ကောင်းနေကြောင်း သိရသည်။

"ရှမ်းပြည်နယ်ဘက်ကနေ မော်လမြိုင်ကျွန်းမြို့နယ်ဘက်ကို ငရုတ်ပွသီးတွေ အပါအဝင် အခြားကုန်ပစ္စည်းတွေပုံမှန်ဝင်ရောက်နေပါတယ်။ စားသုံးသူလိုအပ်ချက်ကြောင့် အရောင်းအဝယ်ကောင်းလာတာပါ။ တစ်ရက်လျှင် ပိဿာချိန် ၁၀၀ နဲ့အထက်ရောင်းရပါတယ်။ လက်ရှိ ငရုတ်ပွသီး တစ်ပိဿာကို ငွေကျပ် ၂၁,၀၀၀ ထိ ပေါက်ဈေးရှိနေပါတယ်။ ရှမ်းပြည်နယ်ဘက်က ဝင်ရောက်လာတဲ့ ငရုတ်ပွသီးတွေက လတ်ဆတ်ပြီး အရည်အသွေးကောင်းပါတယ်" ဟု မော်လမြိုင်ကျွန်းမြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ယုဝေက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် ရှမ်းပြည်နယ်မှ ငရုတ်ပွသီးများအပြင် လက်ဖက်ခြောက်၊ ကြက်သွန်နီ၊ အာလူး၊ ကြက်သွန်ဖြူ၊ ချင်းစသည့်ကုန်ပစ္စည်းများကို တင်သွင်းလျက်ရှိကြောင်း၊ အဆိုပါ ငရုတ်ပွသီးများ အရောင်းအဝယ်ကောင်းနေခြင်းကြောင့် ငရုတ်စိုက်ပျိုးသူများ၊ ကုန်စည်သယ်ယူ တင်ပို့သည့်လုပ်ငန်းရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ အခွင့်အလမ်း ကောင်းမွန်လာကြောင်း သိရသည်။

**Source:** ရတနာပုံသတင်းစာ

https://myantrade.gov.mm/article/naypyitaw_29082024_1147

## လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ကျားကဏန်းပိဿာချိန် ၆၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ကျားကဏန်း ပိဿာချိန် ၆၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ချိုမာက ပြောပြသည်။ လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ်ပြီးခဲ့သည့် ဇွန်လအတွင်းက ကျားကဏန်းပိဿာချိန် ၄၅,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လ ၁ ရက်နေ့မှ ၃၁ ရက်နေ့ထိ ကျားကဏန်းပိဿာချိန် ၆၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသမှ ကျားကဏန်းများကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေ ကြောင်း သိရသည်။

"ဒေသထွက် ရေထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ထဲကို ပုံမှန်အဆင်ပြေပြေတင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဈေးကွက်က ဒီဘက်ကနေတင်ပို့တဲ့ ရေထွက်ကုန် အဓိကဈေးကွက်တစ်ခုပါ။ ပြီးခဲ့တဲ့ ဇူလိုင်လအတွင်း ကျားကဏန်းပိဿာချိန် ၆၅,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ကျားကဏန်းတွေကလဲ လတ်ဆတ်မှုနဲ့အရွယ်အစားအလေးချိန်အပေါ် မူတည်ပြီး ဈေးအပြောင်းအလဲရှိပါတယ်။ လက်ရှိ ဩဂုတ်လထဲမှာလဲ ကျားကဏန်းတွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေ ပါတယ်။ လပွတ္တာမြို့နယ်ကနေ ကျားကဏန်းတွေကို ဒေသဈေးကွက်အပြင် အခြားဒေသတွေကို ပြန်လည်တင်ပို့ ရောင်းချနေ ပါတယ်" ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင် ဒေါ်ချိုမာကပြောပြသည်။ လပွတ္တာ မြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့် ကျားကဏန်းအသေး တစ်ပိဿာလျှင် ငွေကျပ် ၁၂,၅၀၀၊ အလတ်တစ်ပိဿာလျှင် ငွေကျပ် ၁၈,၅၀၀၊ အကြီးတစ်ပိဿာလျှင် ငွေကျပ် ၂၂,၀၀၀ မှ ၂၅,၅၀၀ ထိ အရွယ်အစားအပေါ်မူတည်ကာ ဈေးအပြောင်းအလဲရှိကြောင်း သိရသည်။

**Source:** ရတနာပုံသတင်းစာ

https://myantrade.gov.mm/article/naypyitaw_29082024_1147

## ဟသ်ာတမြို့နယ်တွင် ထောပတ်ပဲနီ(အပြားကြီး)များ အရောင်းအဝယ်ကောင်းနေ

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်တွင် ထောပတ်ပဲနီ(အပြားကြီး)များ အရောင်းအဝယ်ကောင်းနေ ကြောင်း ဟသ်ာတမြို့နယ် ပဲအမျိုးမျိုးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီဝင်းကပြောသည်။ ဟသ်ာတမြို့ ပဲမျိုးစုံရောင်းဝယ်ရေး ဈေးကွက်တွင် ဩဂုတ်လဒုတိယပတ်မှစ၍ ဩဂုတ်လ ၂၈ ရက်နေ့ထိ ထောပတ်ပဲနီ(အပြားကြီး)များ ဝယ်ယူမှုအားကောင်းနေပြီး အရောင်းအဝယ်ကောင်းနေကြောင်း၊ အဆိုပါ ထောပတ်ပဲနီ(အပြားကြီး)များ ခုနှစ်ရက်လျှင် ၂၄ ပြည်ဝင်အိတ်ရေ ၂၀ ထိ အရောင်းအဝယ်ကောင်းနေကြောင်း၊ ထိုသို့ ထောပတ်ပဲနီ(အပြာကြီး)များ အရောင်းအဝယ်ကောင်းလာခြင်းသည် ပြည်တွင်း

ဈေးကွက်တွင် အဝယ်လိုက်လာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

“လက်ရှိ ဒေသဈေးကွက်မှာ အခြားပဲတွေထက် ထောပတ်ပဲနီ(အပြားကြီး)များ ဝယ်ယူမှုအားကောင်းလာပါတယ်။ ပြည်ပ ပဲဈေးကွက်ကို ပြန်တင်ပို့နေလို့ အခုလို ဝယ်ယူမှုအားကောင်းလာတာလို့သိရတယ်။ ထောပတ်ပဲနီ(အပြားကြီး)တွေ အရောင်းအဝယ်ကောင်းတာကြောင့် စိုက်ပျိုးတဲ့သူတွေ အဆင်ပြေလျက်ရှိပါတယ်”ဟု ဟင်္သာတမြို့နယ် ပဲအမျိုးမျိုး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီဝင်းကပြောပြသည်။ ဟင်္သာတမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးဈေးကွက်တွင် ထောပတ်ပဲနီ (အပြားကြီး) ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၇၈,၅၀၀ ထိ ဈေးပေါက်နေကြောင်းသိရသည်။

**Source:** ရတနာပုံသတင်းစာ

https://myantrade.gov.mm/article/naypyitaw_29082024_1147

## မုံရွာမြို့ကုန်စည်ဒိုင်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိသော ဆီထွက်သီးနှံဈေးနှုန်းများ ယခင်ပတ်နှင့်ယခုပတ်နှိုင်းယှဉ်မှု အခြေအနေ

ဩဂုတ်လ နောက်ဆုံးပတ်အတွင်း မုံရွာမြို့ကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်လျက်ရှိသည့် ဆီထွက်သီးနှံများ၏ ဈေးကွက် အခြေအနေမှာ နှမ်းနက်၊ နှမ်းညို၊ နှမ်းဖြူ၊ မြေပဲလုံးဆန်ဖြူ၊ မြေပဲလုံးဆန်နီ၊ မြေပဲဆီဆန်ဖြူ ဈေးနှုန်းများကျဆင်းနေကြောင်း သိရသည်။ ဩဂုတ်လ နောက်ဆုံးပတ်အတွင်း နှမ်းညို တစ်တင်း ၁၁၀,၀၀၀ ကျပ်၊ နှမ်းနက် တစ်တင်း ၁၅၀,၀၀၀- ၁၉၀,၀၀၀ ကျပ်၊ နှမ်းဖြူ တစ်တင်း ၁၃၀,၀၀၀-၁၄၀,၀၀၀ ကျပ်ဖြစ်ကာ ယခင်ပတ် ကာလတူ ပေါက်ဈေးနှုန်းမှာ နှမ်းညို တစ်တင်း ၁၂၀,၀၀၀-၁၂၅,၀၀၀ကျပ်၊ နှမ်းဖြူ တစ်တင်း ၁၂၅,၀၀၀-၁၄၅,၀၀၀ကျပ်၊ နှမ်းနက် တစ်တင်း ၁၆၀,၀၀၀- ၂၀၀,၀၀၀ ကျပ်ရှိ၍ ယခုပတ်နှင့်ယခင်ပတ်ကာလတူနှိုင်းယှဉ်ပါက နှမ်းညိုတစ်တင်း ၁၅,၀၀၀ ကျပ်ခန့်၊ နှမ်းနက် တစ်တင်း ၁၀,၀၀၀ ကျပ်ခန့်နှင့် နှမ်းဖြူ တစ်တင်း ၅၀၀၀ ကျပ်ခန့်နှုန်း ကျဆင်းနေကြောင်းသိရသည်။

ဩဂုတ်လ နောက်ဆုံးပတ်အတွင်း မြေပဲလုံးဆန်ပေါက်ဈေးနှုန်းနှင့် ဆီဈေးနှုန်းများမှာ မြေပဲလုံးဆန်နီ တစ်ပိဿာ ၉၀၀၀ ကျပ်၊ မြေပဲလုံးဆန်ဖြူ တစ်ပိဿာ ၉၀၀၀ ကျပ်၊ မြေပဲဆီဆန်ဖြူ တစ်ပိဿာ ၈၀၀၀ ကျပ်ရှိပြီး ယခင်ပတ်ကာလတူ ပေါက်ဈေးနှုန်းမှာ မြေပဲလုံးဆန်နီ တစ်ပိဿာ ၁၀,၇၀၀ကျပ်၊ မြေပဲလုံးဆန်ဖြူ တစ်ပိဿာ ၁၁,၃၀၀-၁၁,၅၀၀ကျပ်၊ မြေပဲဆီဆန်ဖြူ တစ်ပိဿာ ၁၀,၅၀၀ကျပ် ကာလတူအချိန်နှင့် နှိုင်းယှဉ်ပါက မြေပဲလုံးဆန်နီ တစ်ပိဿာလျှင် ၁၇၀၀ ကျပ်ခန့်နှင့် မြေပဲလုံးဆန်ဖြူ တစ်ပိဿာလျှင် ၂၅၀၀ ကျပ်ခန့်၊ မြေပဲဆီဆံဖြူ တစ်ပိဿာလျှင် ၂၅၀၀ ကျပ်ခန့် ကျဆင်းနေကြောင်းသိရသည်။ ယခုပတ်အတွင်း ပဲဆီတစ်ပိဿာ ၁၈,၅၀၀ ကျပ်၊ နှမ်းဆီ တစ်ပိဿာ ၁၆,၅၀၀ ကျပ်ဖြစ်ပြီး ပဲဖတ် တစ်ပိဿာ ၅၆၅၀ ကျပ်၊ နှမ်းဖတ် တစ်ပိဿာ ၃၇၀၀ ကျပ်၊ နေကြာဖတ် တစ်ပိဿာ ၂၉၀၀ ကျပ်ဖြင့် ရောင်းဝယ်နေကြောင်းသိရသည်။

**Source:** https://myantrade.gov.mm/

## မအူပင် ငါးရှဉ့်ဈေးကွက်အခြေအနေ

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ် အင်းမ တာကောက်ကျေးရွာ ဖျာပုံ-မအူပင်-ရန်ကုန်လမ်းမပေါ်တွင် မြင့်မြတ်သူ ငါးရှဉ့်ရောင်းဝယ်ရေးလုပ်ငန်းရှိသည့်အတွက် ငါးရှဉ့်ရောင်းဝယ်နေမှု အခြေအနေများကို ၂၄.၈.၂၀၂၄ ရက်က ရောင်းဝယ်မှုအခြေအနေကို သွားရောက် လေ့လာခဲ့ကြသည်။



မအူပင်မြို့နယ်တွင် ကျေးရွာအုပ်စု ၇၆ အုပ်စုရှိသည့် အနက် ရေလဲ၊ ရွှေတောင်မှော်၊ စစ်ချောင်း၊ နတ်စဉ်၊ ငါးဖားအိုင် စသည့်ကျေးရွာအုပ်စုများသည် ချောင်း၊ မြောင်း၊ အင်းအိုင်နှင့် ကွင်းရေများ ပေါများသည်။ ယခုလို မိုးတွင်းကာလတွင် ငါးရှဉ့်များစွာ ဖမ်းဆီးရရှိနိုင်ကြောင်း မြင့်မြတ်သူ ငါးရှဉ့်ရောင်းဝယ်ရေးဒိုင်ပိုင်ရှင်၏ ပြောပြချက်အရသိရှိရပြီး ငါးရှဉ့်များကို တစ်နှစ်ပတ်လုံးဝယ်ယူရရှိပြီး တန်ခူး၊ ကဆုန်လများတွင် ငါးရှဉ့်ကုန်ချိန် ဝယ်ယူရရှိမှုနည်းပါးပြီး ကျန်လများတွင် ပိုမိုဝယ်ယူ ရရှိကြောင်း လေ့လာသိရှိရသည်။

ငါးရှဉ့်လာရောက်ရောင်းချသူများသည် အနည်းဆုံး တစ်နေ့လျှင် ၅၀ ပိဿာမှ အများဆုံး ၁၈၀ ပိဿာအထိ လာရောက် ရောင်းချကြသည်။ ယခင်နှစ်များက ငါးရှဉ့်ကို အမျိုးအစား၊ အတန်းအစားခွဲ၍ဝယ်ယူပြီး ယခုနှစ်များတွင် အမျိုးအစားမခွဲခြားပဲ ဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့နေကြောင်း၊ ငါးရှဉ့်တစ်ပိဿာလျှင် ၁၄,၀၀၀ ကျပ်၊ ၁၅,၀၀၀ ကျပ်ဖြင့် ဝယ်ယူသည်။ ဝယ်ယူရရှိသော ငါးရှဉ့်များကို ရန်ကုန်ဈေးကွက်သို့ ၁၆၀၀၀ ဈေးဖြင့် ကုန်ချိန်များသည့်အခါ နေ့ချင်းပို့သည်။ မအူပင်မြို့နယ်တွင် ငါးရှဉ့်ရောင်းဝယ်ရေး ၁၀ ဒိုင်ခန့်ရှိပြီး ရန်ကုန်သို့ တင်ပို့ရောင်းချနေကြောင်းသိရသည်။

**Source: DOCA(ရောဝတီ)**

https://www.doca.gov.mm/

## ဆိပ်ဖြူကြက်သွန်နီ ဩဂုတ်လတတိယပတ်တွင် ဈေးကွက်သို့ ကုန်ဝင်ရောက်မှုများလာ



မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ဆိပ်ဖြူမြို့နယ်၌ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ တတိယပတ်တွင် (နွေ)ကြက်သွန်နီ(လှောင်ရာသီ) ကုန်ဆုံးချိန်နီး၍ ကြက်သွန်နီဈေးကွက်သို့ ကုန်ချိန်ပိဿာ ဝင်ရောက်မှုများလာကြောင်း၊ ဆိပ်ဖြူဒေသတွင်းကျေးရွာအနီးအပြားနှင့် ပွင့်ဖြူ၊ စလင်း၊ တညောင်မြို့နယ် အတွင်းရှိကျေးရွာများမှ ကုန်ချိန်အများအပြား ဝင်ရောက်လျက်ရှိပြီး ပွဲရုံဈေးကွက်သို့ ကြက်သွန်နီကုန်ချိန် ပိဿာ ၃ သောင်းမှ ပိဿာ ၁ သိန်းထိ တစ်ပတ်အတွင်း စုစုပေါင်းပိဿာ ၄ သိန်းခန့် ဝင်ရောက်ကြောင်း ဈေးကွက်မှသိရသည်။

ဈေးနှုန်းဈေးကွက်အနေဖြင့် ဩဂုတ်လတတိယပတ်တွင် ကြက်သွန်နီ(ဂျွန်) ထိပ်စအမြင့်ဈေး တစ်ပိဿာလျှင် ကျပ် ၂၁၀၀ မှ ၁၈၀၀၊ အလတ်စ ကျပ် ၁၉၀၀ မှ ၁၇၀၀၊ အသေးစ ကျပ် ၁၆၀၀ မှ ၁၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ပြီး ဒုတိယပတ်တွင် ကြက်သွန်နီထိပ်စ အမြင့်ဈေး တစ်ပိဿာလျှင် ကျပ် ၁၈၀၀ မှ ၁၆၀၀၊ အလတ်စ ကျပ် ၁၇၀၀ မှ ၁၆၅၀၊ အသေးစ ကျပ် ၁၅၀၀ မှ ၁၄၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ယခင်အပတ်နှင့်နှိုင်းယှဉ်ပါက ကြက်သွန်နီတစ်ပိဿာလျှင် ကျပ် ၂၀၀ ဈေးတက်ပြီး အရောင်းအဝယ်ဖြစ်ကြောင်း၊ ပွဲရုံမှတစ်ဆင့် အရည်အသွေး၊ အရွယ်အစားအလိုက် သန့်စင်ပြီး ကြက်သွန်နီများကို တစ်ပိဿာလျှင် ကျပ် ၂၄၀၀-၂၀၀၀ လက်ကားဈေးဖြင့် ဒေသအနှံ့အပြားသို့ ဖြန့်ဖြူးလျက်ရှိကြောင်း၊ ဈေးတက်ရခြင်းမှာ ပြည်ပအဝယ်လိုက်၍ ဈေးနှုန်းမြင့်တက်ခြင်းဖြစ်ကြောင်း သိရသည်။

ကုန်စည်စီးဆင်းမှုအနေဖြင့် ရန်ကုန်ဘုရင့်နောင်ပွဲရုံ၊ ပြည်၊ ပုသိမ်မြို့နှင့် မော်လမြိုင်၊ မြဝတီမြို့များမှတစ်ဆင့် ထိုင်း၊ ဗီယက်နမ်နိုင်ငံများသို့ တင်ပို့လျက်ရှိပြီး ဩဂုတ်တတိယပတ်တွင် ဆိပ်ဖြူမြို့မှ ကြက်သွန်နီကုန်ချိန်ပိဿာ ၄ သိန်း၊ တန်ချိန် အားဖြင့် ၆၅၃ တန်ခန့် တွဲကား၊ ၁၂ ဘီး၊ ၆ ဘီးမော်တော်ယာဉ်များဖြင့် ကုန်စည်စီးဆင်းခဲ့ကြောင်း ဈေးကွက်မှသိရသည်။

**Source: DOCA (မကွေး)**

https://www.doca.gov.mm/

## တရုတ်နိုင်ငံသည် ကနေဒါနိုင်ငံမှ လျှပ်စစ်ကားများအပေါ် သွင်းကုန်ခွန်တိုးမြှင့်ခြင်းကို ပြတ်ပြတ်သားသားကန့်ကွက်

ကနေဒါအစိုးရသည် တရုတ်နိုင်ငံထုတ် လျှပ်စစ်ကားများ တင်သွင်းမှုအပေါ် ၁၀၀ ရာခိုင်နှုန်း အခွန်စည်းကြပ်ရန်နှင့် တရုတ်နိုင်ငံမှတင်သွင်းသော သံမဏိနှင့် အလူမီနီယံတို့အပေါ် ၂၅ ရာခိုင်နှုန်း အခွန်စည်းကြပ်ရန် စီစဉ်ထားသည်ဟု ၂၆-၈-၂၀၂၄ ရက်တွင် ကြေညာခဲ့ကြောင်း သိရသည်။

အဆိုပါကြေညာချက်နှင့်ပတ်သက်၍ တရုတ်နိုင်ငံသည် ၎င်းတို့ကုမ္ပဏီများ၏ တရားဝင်အခွင့်အရေးနှင့် အကျိုးစီးပွားများကို ကာကွယ်ရန်လိုအပ်သည့် အစီအမံအားလုံးကို လုပ်ဆောင်မည်ဖြစ်ကြောင်း တရုတ်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ၂၇-၈-၂၀၂၄ ရက်တွင် ပြောကြားခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံရှိ လျှပ်စစ်ကားလုပ်ငန်းများ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ၎င်းတို့၏ယှဉ်ပြိုင်နိုင်စွမ်းရှိသော အားသာချက်များပေါ်တွင် အခြေခံပြီး ပွင့်လင်းသောပြိုင်ဆိုင်မှု၏ ရလဒ်ဖြစ်ကြောင်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူက အွန်လိုင်းထုတ်ပြန်ချက်တစ်ခုတွင် ပြောကြားခဲ့ကြောင်း သိရသည်။

ကနေဒါနိုင်ငံအနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ စည်းမျဉ်းစည်းကမ်းများကို အခြေခံသည့် လွတ်လပ်သောကုန်သွယ်မှုနှင့် နိုင်ငံစုံကုန်သွယ်မှုစနစ်တို့ကို ပံ့ပိုးပေးရန်ပြောဆိုလျက်ရှိသော်လည်း တစ်ဖက်သတ်အကောက်ခွန်စည်းကြပ်မှုများဆောင်ရွက်သည့် နိုင်ငံအချို့နောက်ကိုလိုက်၍ ထိုစည်းမျဉ်းများကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်နေကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် ကုန်သွယ်မှုတားဆီးရေး စံနမူနာတစ်ခုဖြစ်ကြောင်း အဆိုပါတာဝန်ရှိသူက ပြောကြားခဲ့သည်ဟု သိရသည်။

ယင်းလုပ်ရပ်များသည် ကမ္ဘာ့စက်မှုလုပ်ငန်းနှင့် ထောက်ပံ့ရေးကွင်းဆက်များ၏ တည်ငြိမ်မှုကို အဟန့်အတားဖြစ်စေမည်ဖြစ်ပြီး၊ ကမ္ဘာ့စီးပွားရေးစနစ်နှင့် ကုန်သွယ်မှုစည်းမျဉ်းများကို ပြင်းထန်စွာ ထိခိုက်စေမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံလုံးရှိ စီးပွားရေးလုပ်ငန်းများ၏ အကျိုးစီးပွားကို ထိခိုက်စေပြီး ကနေဒါနိုင်ငံရှိ စားသုံးသူများ၏အကျိုးကို လျော့နည်းစေမည်ဖြစ်ကြောင်း၊ ကုန်သွယ်မှုတားဆီးရေး လှုပ်ရှားမှုများသည် ကနေဒါ၏ စိမ်းလန်းသော အသွင်ကူးပြောင်းမှုနှင့် ရာသီဥတုပြောင်းလဲမှုကို ကိုင်တွယ်ဖြေရှင်းရန် ကမ္ဘာလုံးဆိုင်ရာ ကြိုးပမ်းမှုများကို အဟန့်အတား ဖြစ်စေမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်၌ ဖော်ပြထားသည်ဟု သိရှိရသည်။

ထို့ပြင် ကနေဒါနိုင်ငံရှိ တရုတ်သံရုံးက တရုတ်နိုင်ငံထုတ်လျှပ်စစ်ကားများ (EVs)များအပေါ် အခွန်စည်းကြပ်ရန် ကနေဒါအစိုးရ၏ လုပ်ဆောင်ချက်အပေါ် ပြင်းထန်စွာကန့်ကွက်ကြောင်း ၂၆-၈-၂၀၂၄ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်ဟု သိရသည်။

အဆိုပါပြောရေးဆိုခွင့်ရှိသူက တရုတ်နိုင်ငံမှ ထုတ်လုပ်သည့် EV များအပေါ် ကုန်သွယ်မှုတားဆီးရေးဝါဒနှင့် နိုင်ငံရေးအရလှုံ့ဆော်မှုအဖြစ် သွင်းကုန်ခွန်တိုးမြှင့်ရန် ကနေဒါအစိုးရ၏ ဆုံးဖြတ်ချက်ကို ဝေဖန်ခဲ့ပြီး အဆိုပါလုပ်ရပ်သည် WTO စည်းမျဉ်းများကို ချိုးဖောက်ရုံသာမက လွတ်လပ်သောကုန်သွယ်မှုနှင့် ရာသီဥတုပြောင်းလဲမှု လျှော့ချရေးတွင် ကမ္ဘာ့ထိပ်တန်းနိုင်ငံတစ်ခုဖြစ်သည့် ကနေဒါနိုင်ငံ၏ပုံရိပ်ကို ပျက်ပြားစေသည်ဟုပြောကြားခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံ၏ လျှပ်စစ်ကားလုပ်ငန်း လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာမှုသည် နည်းပညာများကို အစဉ်ဆန်းသစ်တီထွင်မှု၊ စက်မှုနှင့် ထောက်ပံ့ရေးကွင်းဆက်များ ခိုင်မာစွာတည်ဆောက်ထားမှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုတို့ကြောင့်ဖြစ်သည်ဟု ၎င်းက အလေးပေးပြောကြားခဲ့ကြောင်း သိရသည်။

ကနေဒါနိုင်ငံသည် တရုတ်နိုင်ငံထုတ် လျှပ်စစ်ကားများအပေါ် သွင်းကုန်ခွန်ကို အောက်တိုဘာလ ၁ ရက်မှစတင်၍ ၆ ဒသမ ၁ ရာခိုင်နှုန်းမှ ၁၀၆ ဒသမ ၁ ရာခိုင်နှုန်းသို့ တိုးမြှင့်သွားမည်ဟု ကနေဒါဝန်ကြီးချုပ် Justin Trudeau က ၂၆-၈-၂၀၂၄ ရက်တွင် ကြေညာခဲ့ကြောင်း သိရသည်။

ထို့ပြင် တရုတ်နိုင်ငံထုတ် သံမဏိနှင့်အလူမီနီယံထုတ်ကုန်များအပေါ် အခွန်စည်းကြပ်မှုကိုလည်း အောက်တိုဘာလ ၁၅ ရက်မှစတင်ကာ ၂၅ ရာခိုင်နှုန်းအထိ တိုးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

Source: https://www.chinadaily.com.cn/a/202408/27/WS66cd7f88a31060630b925355.html

https://www.chinadaily.com.cn/a/202408/27/WS66cd7b48a31060630b925348.html

(စီးပွားရေးသံမှူး၊ နန်နင်းမြို့)

https://myantrade.gov.mm/

## အိန္ဒိယအစိုးရသည် ပို့ကုန်လုပ်ငန်းရှင်များ၏ ယှဉ်ပြိုင်နိုင်စွမ်းကို ကူညီထောက်ပံ့ပေးလျက်ရှိသည့် အဓိကအစီအစဉ်နှစ်ခုကို ထပ်မံသက်တမ်းတိုးမြှင့်သွားဖွယ်ရှိ

အိန္ဒိယနိုင်ငံတွင် ပို့ကုန်လုပ်ငန်းရှင်များ၏ ယှဉ်ပြိုင်နိုင်စွမ်းကို ကူညီထောက်ပံ့ပေးနိုင်ရန်အတွက် ပို့ကုန်များအပေါ် ပေးဆောင်ရသော အခွန်အခများကို ပြန်လည်တောင်းခံနိုင်သည့်အစီအစဉ်(Remission of Duties and Taxes on Exported Products -RoDTEP, scheme)နှင့် အတိုးနှုန်းညီမျှခြင်းအစီအစဉ် (Interest Equalisation Scheme-IES)နှစ်ရပ်ကို သက်တမ်းထပ်မံတိုးမြှင့်သွားဖွယ်ရှိကြောင်း The Hindu Businessline သတင်းဌာနက ဩဂုတ်လ ၁၈ ရက်ကဖော်ပြသည်။

RoDTEP အစီအစဉ်သည် ပို့ကုန်များထုတ်လုပ်စဉ်က သွင်းအားစုများအတွက် ကုန်ကျခဲ့သောအခွန်အခများကို အစိုးရမှ ပြန်လည်ထုတ်ပေးသည့်အစီအစဉ်ဖြစ်ပြီး၊ ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၃၀ ရက်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။ သို့သော် ယခုအခါ ထုတ်ကုန်လိုင်းပေါင်း ၁၀,၀၀၀ ကျော်အပေါ် ခွင့်ပြုထားသည့် အဆိုပါအစီအစဉ်ကို သက်တမ်းဆက်လက်၍ တိုးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ RoDTEP ကို အနည်းဆုံး ၂၀၂၄-၂၅ ဘဏ္ဍာနှစ်ကုန်အထိ သက်တမ်းတိုးမြှင့်သွားမည်ဖြစ်ပြီး၊ ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆက်လက်ခွင့်ပြုသွားဖွယ်ရှိကြောင်း အဆိုပါကိစ္စနှင့်နီးစပ်သော တာဝန်ရှိသူတစ်ဦးက businessline သတင်းဌာနကို အတည်ပြုပြောကြားခဲ့သည်။ RoDTEP အရ အကျုံးဝင်မှုမရှိသော အချို့သောသံနှင့်သံမဏိပစ္စည်းများကို ၎င်းအတိုင်း ဆက်လက်ထားရှိဖွယ်ရှိကြောင်းလည်း သိရသည်။

အိန္ဒိယအစိုးရဘဏ္ဍာရေးအတွင်းဝန်မှ ဦးဆောင်၍ သုံးလတစ်ကြိမ်ကျင်းပပြုလုပ်သော RoDTEP နှင့် RoSCTL အစီအစဉ်များ ထိန်းကျောင်းရေးကော်မတီအစည်းအဝေးကို မကြာမီကျင်းပသွားရန်ရှိပြီး၊ အဆိုပါအစည်းအဝေး၌ RoDTEP အစီအစဉ်အား သက်တမ်းတိုးမြှင့်ရန်နှင့် အချိန်ကာလသတ်မှတ်သွားရန်ရှိကြောင်း အဆိုပါတာဝန်ရှိသူက ပြောကြားသည်။

လေ့လာသုံးသပ်မှုများအရ အကယ်၍ ပို့ကုန်တင်ပို့မှုအခြေအနေ ယခုအတိုင်းပုံမှန်ဆက်လက်၍ နှေးကွေးနေဦးမည်ဆိုပါက ၂၀၂၄-၂၅ ဘဏ္ဍာနှစ်အတွက် သတ်မှတ်ရန်ပုံငွေ ရူပီး ၁၆,၀၇၅ ကာရိုး(၁၆၀ ဒသမ ၇၅ ဘီလီယံ)ဖြင့် စီမံဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း၊ သို့သော် အကယ်၍ ပို့ကုန်များသိသိသာသာ တိုးတက်တင်ပို့မှုရှိလာပါက ဘဏ္ဍာငွေ ထပ်မံခွဲဝေပေးရန် တင်ပြရမည် ဖြစ်ကြောင်း၊ RoSCTL အစီအစဉ်ဘက်၌ ဘဏ္ဍာငွေသုံးစွဲမှုသက်သာနိုင်သည်ကို ကြိုတင်တွက်ဆထားကြောင်း အဆိုပါ သတင်းရင်းမြစ်က ပြောကြားသည်။

RoSCTL သို့မဟုတ် ပြည်နယ်နှင့် ဟိုအစိုးရမှ စည်းကြပ်သောအခွန်အခများကို ပြန်လည်၍ တောင်းခံခွင့်အစီ အစဉ်(Rebate of State & Central Taxes and Levies scheme)သည် အထည်ချုပ်လုပ်ငန်း ထုတ်ကုန်များအတွက် သီးသန့်သတ်မှတ်ထားသော အစီအစဉ်တစ်ရပ်ဖြစ်ပြီး RoDTEP အစီအစဉ်နှင့် အလားသဏ္ဍာန်တူညီသည်။

ယခုနှစ်အတွက် အထည်ချုပ်ပို့ကုန်များတင်ပို့မှု ပုံမှန်အတိုင်းရှိပြီး၊ သတ်မှတ်ဘတ်ဂျက်ဖြစ်သော ရူပီး ၈၀၀ ကာရိုး (၈ ဘီဘီယံ)၏ ၁၀ ရာခိုင်နှုန်းခန့်အား သုံးစွဲသွားရန်ရှိကြောင်း၊ ၎င်းမှ ပိုလျှံလာသည့် အသုံးစရိတ်ကို RoDTEP အစီအစဉ်အတွက် ခွဲဝေသုံးစွဲသွားသင့်သည်ဟု ထင်မြင်ကြောင်း၊ သို့သော် ဘဏ္ဍာရေးအတွင်းဝန်ဦးဆောင်သော ကော်မတီအစည်းအဝေးကသာ ယင်းသို့ဆုံးဖြတ်သွားဖွယ်ရှိသည်ဟု အဆိုပါသတင်းရင်းမြစ်က ရှင်းလင်းဖော်ပြသည်။

MSME မဟုတ်သော အကျိုးခံစားခွင့်ရှိသောကဏ္ဍ ၄၁၀ ခုအတွက် အကျုံးဝင်သည့် အတိုးနှုန်းညီမျှခြင်း အစီအစဉ်သည် ၂၀၂၄ ခုနှစ်၊ ဇွန်လ ၃၀ ရက်တွင် သတ်မှတ်ကာလကုန်ဆုံးပြီဖြစ်သဖြင့် ၎င်းအား သက်တမ်းတိုးနိုင်ရေး ဦးစားပေး လုပ်ဆောင်သွားဖွယ်ရှိကြောင်း၊ MSME ကဏ္ဍအတွက်ကိုမူ သက်တမ်း ၂ လ ထပ်မံတိုးမြှင့်ပေးခဲ့ပြီး၊ ယခုလကုန်တွင် သတ်မှတ်ကာလကုန်ဆုံးမည်ဖြစ်ကြောင်း၊ အဆိုပါအစီအစဉ်အရ အကျိုးခံစားခွင့်ရှိသော ပို့ကုန်လုပ်ငန်းရှင်များအတွက် ချေးငွေများကို အစိုးရသတ်မှတ်သည့် ထောက်ပံ့နှုန်းထားအတိုင်း ထုတ်ချေးပေးကြောင်းသိရသည်။

အဆိုပါသက်တမ်းကုန်ဆုံးသွားသောအစီအစဉ်အရ ခံစားခွင့်ရှိသူအားလုံးအတွက် အတိုးနှုန်းသက်သာရေးအစီ အစဉ်(The interest subvention scheme)ကို သက်တမ်းတိုးမြှင့်ရန်ကိစ္စနှင့်စပ်လျဉ်း၍ အသုံးစရိတ်ဆိုင်ရာ ဘဏ္ဍာရေးကော်မတီ အစည်းအဝေး(Expenditure Finance Committee-EFC)တွင် မကြာမီတင်ပြသွားရန်ရှိပြီး၊ ဗဟိုအစိုးရထံ ဆက်လက်တင်ပြ အတည်ပြုသွားမည်ဖြစ်ကြောင်း၊ ကုန်သွယ်ရေးဌာနကအနေဖြင့် ၎င်းအား သက်တမ်း ၅ နှစ် တိုးမြှင့်ရန်ဆန္ဒရှိသော်လည်း (EFC) နှင့် အစိုးရအဖွဲ့တို့၏ ဆုံးဖြတ်ချက်ကသာ အတည်ဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၏ ၂၀၂၄-၂၅ ဘဏ္ဍာနှစ် ဧပြီလမှ ဇူလိုင်လအထိ နှစ်အလိုက်ကုန်စည်တင်ပို့မှု တိုးတက်မှုနှုန်း ၄ ဒသမ ၁၅ ရာခိုင်နှုန်းရှိပြီး တန်ဖိုးအမေရိကန်ဒေါ်လာ ၁၄၄ ဒသမ ၁၂ ဘီလီယံရှိသည်။ ပထဝီနိုင်ငံရေး အကြပ်အတည်းနှင့် တိုးမြှင့်လာသော ကုန်သွယ်ရေးဆိုင်ရာအတားအဆီးများကြောင့် ဇူလိုင်လပို့ကုန် ၁ ဒသမ ၄ ရာခိုင်နှုန်းကျဆင်းကာ တန်ဖိုးအားဖြင့် အမေရိကန် ဒေါ်လာ ၃၃ ဒသမ ၉၈ ဘီလီယံရှိခဲ့ကြောင်း သိရသည်။

သို့ပါ၍ အိန္ဒိယအစိုးရသည် ပို့ကုန်လုပ်ငန်းရှင်များ၏ ယှဉ်ပြိုင်နိုင်စွမ်းကို ကူညီထောက်ပံ့ပေးနိုင်ရေး အစီအစဉ်များ ချမှတ် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။ မကြာမီသက်တမ်းကုန်ဆုံးတော့မည့် ပို့ကုန်များအပေါ်ပေးဆောင်ရသော အခွန်အခ များကို ပြန်လည်တောင်းခံနိုင်သည့်အစီအစဉ်(Remission of Duties and Taxes on Exported Products-RoDTEP, scheme) နှင့် ယခုနှစ် ဇွန်လကုန်က သက်တမ်းကုန်ဆုံးခဲ့သော အတိုးနှုန်းညီမျှခြင်းအစီအစဉ် (Interest Equalisation Scheme-IES) နှစ်ရပ်ကို ဘဏ္ဍာငွေရရှိမှုအခြေအနေအရ အချိန်ကာလတစ်ခုအထိ ထပ်မံသက်တမ်းတိုးသွားဖွယ်ရှိသည်။

**ရည်ညွှန်း။ The Hindu Businessline, Two major export promotion schemes likely to get extension, August 18, 2024**

**(ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)**

https://myantrade.gov.mm/

## STOCK EXCHANGE (29.8.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 29th Aug. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,990 (Shares) | 18,150,600 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,900 | +0 | +0.00% | 8,900 | 8,900 | 8,900 | 245 | 2,180,500 | 33,109,694 | 294,676 |
| MTSH | 00002 | 3,550 | +0 | +0.00% | 3,500 | 3,550 | 3,500 | 1,594 | 5,581,250 | 38,929,150 | 138,199 |
| MCB | 00003 | 8,900 | +0 | +0.00% | 8,900 | 8,900 | 8,900 | 0 | 0 | 10,400,986 | 92,569 |
| FPB | 00004 | 1,800 | +50 | +2.86% | 1,800 | 1,800 | 1,800 | 4 | 7,200 | 29,664,613 | 53,396 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 957 | 2,679,600 | 12,823,224 | 35,905 |
| EFR | 00006 | 1,750 | +50 | +2.94% | 1,700 | 1,750 | 1,700 | 1,977 | 3,366,750 | 19,977,223 | 34,960 |
| AMATA | 00007 | 4,600 | +0 | +0.00% | 4,600 | 4,600 | 4,600 | 217 | 998,200 | 10,497,598 | 48,289 |
| MAEX | 00008 | 3,350 | +0 | +0.00% | 3,350 | 3,400 | 3,350 | 996 | 3,337,100 | 23,804,946 | 79,747 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 29th Aug. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 412.34 | +1.32 | +0.32% | 409.99 | 412.34 | 409.99 | 5,990 | 18,150,600 | 8 | 777,741 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 29th Aug. 2024

| Trading Volume | Trading Value |
|---|---|
| 6,088 (Shares) | 21,678,600 (MMK) |

## Main Board

As of 1:00 pm, 29th Aug. 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,990 (Shares) | 18,150,600 (MMK) |

| MYANPIX | 412.34 ▲ 1.32 |
|---|---|
| Total Volume (shares) | 5,990 |
| Total Value (MMK) | 18 mil |
| Listed Company | 8 |
| Market Cap. (MMK) | 777,741 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,900 | ▲ 0 |
| MTSH | 00002 | 3,550 | ▲ 0 |
| MCB | 00003 | 8,900 | ▲ 0 |
| FPB | 00004 | 1,800 | ▲ 50 |
| TMH | 00005 | 2,800 | ▲ 0 |
| EFR | 00006 | 1,750 | ▲ 50 |
| AMATA | 00007 | 4,600 | ▲ 0 |
| MAEX | 00008 | 3,350 | ▲ 0 |